# <u>ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၈)</u>

အာဂျင်တီးနားနှင့် မြန်မာနိုင်ငံကို တစေ့တစေါင်း နိုင်းယှဉ်လေ့လာခြင်း။

၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၄၅) မှာ နအဖ က သူ့ကိုယ်သူ လွှတ်ငြိမ်းချမ်းသာခွင့် ပေးထားတဲ့ ပြဋ္ဌာန်းချက်ကို လေ့လာကြည့်ပြီး တဲ့အခါမှာ ကမ္ဘာမှာ အလားတူ ဘယ်နိုင်ငံတွေမှာများ ရှိသေးသလဲလို သိခြင်ကောင်း သိခြင် ကြမှာပါ။ ဒါနဲ့ ခပ်ဆင်ဆင်တူတဲ့ တိုင်းပြည်ကတော့ အာဂျင်တီးနားနိုင်ငံ ဖြစ်ပါတယ်။

အာဂျင်တီးနား ဟာ လက်တင်အမေရိကမှာရှိတဲ့ နိုင်ငံတခုပါ။ အာဂျင်တီးနားမှာ အာဏာသိမ်းအုပ်ချုပ်ခဲ့တဲ့ စစ်အစိုးရဟာ ၁၉၈၂ ခု နှစ်ကုန်ပိုင်းမှာ စီးပွားရေးနဲ့ နိုင်ငံရေး အကြပ်အတည်းတွေ တွေ့လာခဲ့တယ်။ အုပ်ချုပ်တဲ့ အစိုးရဝန်ထမ်းတွေကြားမှာလည်း ဖုံးမနိုင်ဖိမရ လောက်အောင် လာဘ်စါးမှုတွေ ကြီးကြီးမားမား ပေါ်ပေါက် ခဲ့တယ်။ စစ်အစိုးရရဲ့ပြစ်မှု ကျူးလွန်မှုတွေ၊ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို စနစ်တကျထုတ်ဖေါ် ခြင်းခံခဲ့ရပြီးတဲ့ နောက်ဆုံးမှာ အာဂျင်တီးနား စစ်အစိုးရဟာ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်နိုင်စွမ်းမရှိတော့တာကြောင့် ကမ္ဘာက အသိအမှတ်ပြုတဲ့ လွတ်လပ်ပွင့်လင်းတဲ့ ရွေးကောက်ပွဲတွေကျင်းပပေးခဲ့ရ၊ လူထုကိုယ်စါးလှယ် အစစ်အမှန်တွေကို အာဏာလွှဲပြောင်းပေးခဲ့ရတဲ့ တိုင်းပြည် ဖြစ်ပါတယ်။ အာဂျင်တီးနားမှာ ထူးခြားချက် တရပ်ကတော့ ရွေးကောက်ပွဲ မကျင်းပခင်မှာ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေတရပ်ကို စစ်အစိုးရက ပြဋ္ဌာန်းထားခဲ့ပြီးတဲ့ အချက်ပါဘဲ။ ရည်ရွယ်ချက်ကတော့ လူ့အခွင့်အရေး ချိုးဖေါက်ခဲ့မှုတွေ၊ ပြစ်မှုကျူးလွန်ခဲ့မှုတွေအတွက် အာဏာသိမ်းစစ်ခေါင်းဆောင်တွေ အပေါ် ဥပဒေနဲ့ အညီအရေးယူခွင့် မရနိုင်စေဘို့ ဖြစ်ပါတယ်။

အဲဒီတုံးက အာဂျင်တီးနားရွေးကောက်ပွဲမှာ သမတလောင်းနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ တဦးက ပီရွန်းနစ်ပါတီဝင် အီတာလိုလူဒါ၊ နောက်တဦးက ရေဒီကယ် ပါတီက ရောလ်အယ်လ်ဖွန်ဆင် တို့ပါဘဲ။ သမတလောင်းနှစ်ဦး မဲဆွယ်ကြတဲ့အခါမှာ သူတို့တဦးခြင်းစီက သူတို့သာ သမတ အဖြစ်ရွေးချယ်တင်မြှောက်ခံရရင် တိုင်းပြည်အနေနဲ့ ထားရှိကျင့်သုံးမယ့် မူဝါဒတွေကို ထုံးစံအတိုင်း ထုတ်ပြန်ကြေငြာကြတယ်။ ပီရွန်းနစ် ပါတီဝင် အီတာလိုလူဒါရဲ့ မူဝါဒက ဘာပါလဲ။ အာဂျင်တီးနားနိုင်ငံမှာ အရင်တုံးကဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေ အတွက် စစ်ခေါင်းဆောင်တွေအပေါ် ရုံးတင်တရားစွဲဆိုခြင်း မပြုဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေက စစ်အစိုးရ ပြဋ္ဌာန်းခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကို နောက်ကြောင်းပြန် ဖျက်သိမ်းခြင်းမပြု နိုင်တာကြောင့် ဖြစ်ပါသတဲ့။ ဒါက ပီရွန်းနစ်ပါတီဝင် သမတလောင်းအီတာလို လူဒါရဲ့ မူဝါဒ ဖြစ်ပါတယ်။

အခြားသမတလောင်းတဦးဖြစ်တဲ့ အယ်လ်ဖွန်ဆင်ရဲ့ မူဝါဒကရော ဘာပါလဲ။ အယ်လ်ဖွန်ဆင်က အီတာလိုလူဒါနဲ့ပြောင်းပြန်ဖြစ်တယ် လို့ပြောရပေလိမ့်မယ်။ စစ်အစိုးရ အာဏာရှိခဲ့စဉ်တုံးက အပြစ်မဲ့ ပြည်သူလူထုအပေါ် ဖမ်းဆီးနှိပ်စက် ညှင်းပမ်းခဲ့တာတွေ၊ အဖျက်သမားတွေလို့စွပ်စွဲပြီး အစတုံးသတ်ဖြတ်ခဲ့တာတွေ၊ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေ ကျူးလွန်အောင် အမိန့်ပေးညွှန်ကြားခဲ့တာတွေ၊ အဲဒါတွေကို အရေးယူရမယ်လို့ ဆိုတယ်။ အဲဒီ အမိန့်တွေကို ရက်စက်လွန်းစွာအကောင်အထည်ဖေါ်၊ လုပ်ဆောင်ပေးခဲ့တဲ့စစ်အရာရှိတွေကိုပါ ဖေါ်ထုတ်တရားစွဲဆိုမယ်။ အဲဒါတင်သာမက အာဏာသိမ်း စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ပေမယ့် လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို အလားတူပြင်းထန်စွာကျူးလွန်ခဲ့ကြတဲ့ ပျောက်ကြားတပ်ဖွဲ့ခေါင်းဆောင်တွေကိုပါ ရုံးတင်တရားစွဲဆိုမယ်လို့ လူထုကို ကတိပေးခဲ့တယ်။ ဒါပေမယ့် အမိန့်ပေးလို့သာ ဝတ်ကြေတန်းကြေမျှသာ အကောင်အထည်ဖေါ်ပေးခဲ့ရတဲ့ အောက်ခြေက ပုဂ္ဂိုလ်တွေကိုတော့ အရေးမယူဘူးလို့ အယ်လ်ဖွန်ဆင်က ပြောခဲ့တယ်။

သမတလောင်းနှစ်ဦးအနက် တဦးဖြစ်သူက စစ်အစိုးရကျူးလွန်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို လျစ်လျူရှုထားလိုသူ ပါ။ နောက်တဦးကတော့ တာဝန်ရှိတဲ့ စစ်ခေါင်းဆောင်တွေကို ပြတ်ပြတ်သားသား အရေးယူလိုသူ ဖြစ်တယ်။ သူတို့ရဲ့ မူဝါဒတွေဟာ ဒီလို အရှေ့နဲ့ အနောက်ပမာ ခြားနားခဲ့တယ်။ ဒါကြောင့်လဲ အဲဒီအချိန်တုံးက အာဂျင်တီးနား သမတရွေးကောက်ပွဲကို တနိုင်ငံလုံးသာမက နိုင်ငံတကာကပါ စိတ်ဝင်တစါး စေါင့်ကြည့်ခဲ့ရတယ်။ ဘယ်သမတလောင်းကို မဲပေးရမယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ လူထုတွေအတွင်းမှာလည်း မတူတဲ့အမြင်သဘောထားတွေနဲ့ ဆွေးနွေးမှုတွေ ရှိခဲ့တယ်။ ပြစ်မှုကျူးလွန်ခဲ့တဲ့ စစ်ခေါင်းဆောင်တွေကို အရေးယူမယ်လို့ အခုကထဲက ကြေငြာလုပ်ဆောင်နေမယ်ဆိုရင် စစ်တပ်က ကပျက်ယပျက်လုပ်နိုင်တဲ့အတွက် ဒီမိုကရေစီရေး အပြောင်းအလဲကို ထိခိုက်

နိုင်တယ်။ ဒါကြောင့် စစ်တပ်နဲ့ အဆင်ပြေတဲ့ သမတလောင်း အီတာလို လူဒါကို မဲပေးသင့်တယ်လို့ ဆိုသူတွေက ဆိုကြတယ်။

လူ့အဖွဲ့အစည်းမှာ အသက်ရှင်ရပ်တည်နေကြသူတိုင်းအတွက် တရားမျှတမှုကိုရယူခွင့် ဖေါ်ဆောင်ခွင့် အခွင့်အရေးရှိသင့်တယ်လို့ စေါဒကတက်သူတွေလည်း ရှိခဲ့တယ်။ စစ်အစိုးရကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတွေကြောင့် သေဆုံးသွားသူတွေ၊ ဘဝနစ်နာပျက်စီးဆုံးရှုံးသွားကြသူတွေနဲ့ သူတို့ရဲ့ မိသားစုများအတွက် တရားမျှတမှုရရှိစေဘို့ ပြစ်မှုကျူးလွန်ခဲ့ကြသူတွေ၊ လူ့အခွင့်အရေး ချိုးဖေါက်ခဲ့ကြသူတွေအပေါ်၊ အလွယ်တကူ ခွင့်မလွှတ်သင့်၊ ပြည်ဖုံးကားမချသင့်ဘူး လို့ထောက်ပြသူတွေလဲ ရှိကြတယ်။ ပြစ်မှုကြီးတွေ ကျူးလွန်ခဲ့သူတွေ အပေါ်ထိုက်သည့်အားလျော်စွာ အရေးယူဘို့၊ သူတို့ရဲ့ တာဝန်ရှိမှုကိုစနစ်တကျဖေါ်ထုတ်ဘို့၊ နောင်ကိုထပ်မံမကျူးလွန်ရဲအောင်ပညာပေးဘို့၊ ကျူးလွန်ခံခဲ့ရသူတွေအတွက် သက်သာခွင့်တွေရနိုင်သမျှ ရှာဖွေပေးဘို့လိုအပ်တယ်လို့လဲ သုံးသပ်ချက်ချတဲ့ ပညာရှင်တွေလဲ ရှိခဲ့တယ်။

ရွေးကောက်ပွဲပြီးသွားခဲ့ပါပြီ။ အာဂျင်တီးနားကို အုပ်ချုပ်ခဲ့တဲ့ စစ်အာဏာရှင်ဟောင်းတွေနဲ့ လေ့လာသူတွေပါ အံ့သြရလောက်အောင် ပါဘဲ။ လူ့အခွင့်အရေးချိုးဖေါက်မှုတွေ ကြီးကြီးမားမားကျူးလွန်ခဲ့တဲ့ စစ်ခေါင်းဆောင်တွေကိုအရေးယူရမယ်လို့ ကြေငြာပြီး ရွေးကောက်ပွဲဝင်ခဲ့တဲ့ အယ်လ်ဖွန်ဆင်ကို လူထုက သမတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့တယ်။ ၁၉၈၃ ခုနှစ် ဒီဇဘ်ာ (၁၀) ရက်နေ့ သမတ တာဝန်ကို စတင်ထမ်းဆောင်တဲ့ ချိန်မှာဘဲ အယ်လ်ဖွန်ဆင်ဟာ လူ့ အခွင့်အရေးကို တိုးမြှင့်စေမယ့် လုပ်ငန်းစဉ်တစုံကို ထုတ်ပြန်ကြေငြာခဲ့တယ်။ အဲဒီ အပေါ်မှာ အခြေခံတဲ့ ဥပဒေကြမ်းတွေကို အာဂျင်တီးနား ဥပဒေပြုကွန်ဂရက်ကိုတင်သွင်းပြီး အတည်ပြုချက်ရယူခဲ့တယ်။ အဲဒီ ဥပဒေတွေဟာအခြေခံအားဖြင့် စစ်အစိုးရပြဌာန်းခဲ့တဲ့ ဖိနှိပ်ပြင်းထန်တဲ့ ပြစ်မှုဆိုင်ရာ ဥပဒေတွေကို ဖျက်သိမ်းဘို့ဖြစ်တယ်။ နှိပ်စက်ညှင်းပမ်းမှု ကျူးလွန်ခဲ့သူတွေဟာ လူသတ်မှုကျူးလွန်သူတွေကျခံရမယ့် ပြစ်ဒဏ်မျိုး ကျခံစေဘို့ဖြစ်တယ်။ လူ့အခွင့်အရေးနဲ့ စပ်လျှဉ်းတဲ့ နိုင်ငံတကာ သဘောတူစါချုပ်တွေကို အတည်ပြုဘို့ဖြစ်တယ်။ ပြစ်မှုဆိုင်ရာ မှုခင်းတွေအပေါ် စစ်ဘက်ဆိုင်ရာရဲ့တရား စီရင်ပိုင်ခွင့်ကို ဖျက်သိမ်းဘို့ဖြစ်တယ်။ ခွဲခြားမှုအမျိုးမျိုးကို ဖျက်သိမ်းသွားဘို့လည်း ဖြစ်တယ်။ အဲဒီ ဥပဒေတွေကို အာဂျင်တီးနား ဥပဒေပြုကွန်ဂရက်ကလည်း အတည်ပြုပေးခဲ့တယ်။

ဖြစ်ပွားခဲ့ပြီးတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေနဲ့ ပတ်သက်ပြီး အရေးယူဆောင်ရွက်ဘို့ကြိုးစားတဲ့ အခါမှာ သမတ အယ်လ်ဖွန်ဆင် အစိုးရရင်ဆိုင်ရတဲ့ အခက်အခဲကြီးတွေအနက်တရပ်ကတော့ အာဏာသိမ်းစစ်အစိုးရ ထုတ်ပြန်ထားတဲ့ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေဖြစ်တယ်။ ဒီ ဥပဒေကို ဘယ်လိုလုပ်ရမလဲ။ ဖျက်သိမ်းလို့ရမရ ဆိုတာကို အသေအချာ လေ့လာခဲ့ရတယ်။ နောက်ဆုံးမှာ ဖျက်သိမ်းတာမဟုတ်ဘဲ ပျက်ပြယ်ကြောင်း ကြေငြာသွားဘို့ ဥပဒေပြုကွန်ဂရက်က ဆုံးဖြတ်ခဲ့တယ်။ ဒီ နေရာမှာ လေ့လာသင့်တဲ့ အချက်ကတော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတဲ့ ဥပဒေကို ဖျက်သိမ်းတမျိုး မလုပ်ဘဲ ပျက်ပြယ်တယ်လို့မှတ်ယူတဲ့ ကိစ္စပါ။ ဖျက်သိမ်းတယ် ဆိုတာက ဥပဒေတရပ်ဟာ ဥပဒေသဘောအရ တည်ရှိပြီးမှ မလိုအပ်လို့ ဖျက်သိမ်းလိုက်တဲ့ သဘောပါ။ ပျက်ပြယ်တယ်ဆိုတာက ဥပဒေအနေနဲ့ကို တည်ရှိဘို့မသင့်။ ဥပဒေ အနေနဲ့ကို မတည်ရှိခဲ့ဘူးလို့မှတ်ယူတဲ့ သဘောဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ အာဂျင်တီးနားနိုင်ငံမှာ အာဏာသိမ်းစစ်အစိုးရ ပြဌာန်းထားခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကို တခန်းရပ်စေခဲ့တယ်။

ဒါကြောင့် ဒီနေရာမှာ တင်ပြလိုတာက နအဖက ဥပဒေတရပ်ပြဌာန်းလိုက်တယ်ဆိုရုံနဲ့ ဒီ ဥပဒေဟာ ရာသက်ပန် တည်မြဲလိမ့်မယ်လို့မယူဆစေလိုတဲ့ အချက်ဖြစ်ပါတယ်။ နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဌာန်းပါရှိတဲ့ ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတဲ့ ပြဌာန်းချက်ဟာ တကယ်တော့ သက်ဆိုင်ရာ တိုင်းပြည်အတွင်းမှာတင်ဘဲ ဥပဒေသဘောအရ ပျက်ပြယ်ပြီးဖြစ်တဲ့ ပြဌာန်းချက်ပါ။ ဒါပေမယ့် ဒီ အတိုင်း သူ့အလိုလို ပျက်ပြယ်သွားမှာမျိုးတော့မဟုတ်။ အာဂျင်တီးနားနိုင်ငံ သမတ အယ်လ်ဖွန်ဆင်လို သတ္တိရှိတဲ့ နိုင်ငံရေးခေါင်းဆောင်မှုအောက်ကနေ ပျက်ပြယ်သွားစေမယ့် လှုပ်ရှားမှုမျိုး လုပ်ဆောင်ဘို့လိုမှာ မုချဖြစ်ပါတယ်။ အာဂျင်တီးနားမှာ အယ်လ်ဖွန်ဆင်ဦးဆောင်တဲ့ ဒီ လှုပ်ရှားမှုကြီး ဖြစ်ခဲ့စဉ်တုံးက အာဏာသိမ်းစစ်ခေါင်းဆောင်တွေ အသက်ထင်ရှားရှိနေဆဲ၊ အာဂျင်တီးနား စစ်တပ်ကြီးဟာလဲ လက်နက်အပြည့်အစုံနဲ့ တစုတစည်းထဲ ရပ်တည်နေဆဲဖြစ်ပါတယ်။ ဒါဖြင့်ရင် ဘာကြောင့် အယ်လ်ဖွန်ဆင်ရဲ့လှုပ်ရှားမှုအောင်မြင်ခဲ့သလဲ။ လူ့အခွင့်အရေးချိုးဖေါက်မှု ကြီးကြီးမားမားကျူးလွန်ခဲ့သူတွေအပေါ် ဘာကြောင့် တစုံတရာ အရေးယူနိုင်ခဲ့သလဲ။ မေးစရာ ရှိပါတယ်။ အကျဉ်းချုပ်အားဖြင့် ပြောရရင် အကြောင်းသုံးရပ်ကြောင့်ဖြစ်ပါတယ်။

(၁) အယ်လ်ဖွန်ဆင် ရွေးချယ်လျှောက်လှမ်းခဲ့တဲ့ လမ်းကြောင်းဟာ ဥပဒေစိုးမိုးမှု တည်ဆောက်ရေး အခြေခံကနေ တရားမျှတမှုကို ရှာဖွေဘို့ ကြိုးစားတဲ့ လမ်းကြောင်း။ တနည်းအားဖြင့် မှန်ကန်တဲ့ လမ်းကြောင်းဖြစ်တယ်။
(၂) လူထု အများစုကြီးကလဲ နားလည်မှုကြီးမားစွာနဲ့ အယ်လ်ဖွန်ဆင်ကို ဝိုင်းရံ ပံ့ပိုးခဲ့တယ်။
(၃) နိုင်ငံတကာ ကလဲ အယ်လ်ဖွန်ဆင်ရဲ့ နောက်ကနေ မားမားမတ်မတ် ရပ်တည်ထောက်ခံ ခဲ့တယ်။

ဒီ အခြေခံပေါ်ကနေ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေကို သုံးသပ်ကြည့်ရင် လမ်းဆုံလမ်းခွကို ရောက်နေပြီ ဆိုတာကိုတွေ့ရမှာ ဖြစ်တယ်။ လူ့အခွင့်အရေးချိုးဖေါက်မှု ကြီးကြီးမားမားခံရတဲ့ လူထုတွေ တရားမျှတမှုရရှိရေးနဲ့ ရေရှည်တိုင်းပြည်တည်ငြိမ်ရေးကို လျှစ်လျူရှုပြီး၊ နအဖက ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတဲ့ ပြဌာန်းချက်ကြီးကို အတည်ပြုပေးသွားမလား။ ဒါဆိုရင် ၂၀၁၀ မှာ ကျင်းပတော့မယ့် နအဖရဲ့ ဟန်ပြရွေးကောက်ပွဲကြီးမှာ ပါဝင် အသုံးတော်ခံဘို့ ပြင်ကြရမှာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးချိုးဖေါက်မှု ကြီးကြီးမားမားခံခဲ့ရတဲ့ လူထုတွေ တရားမျှတမှုရရှိရေးနဲ့ ရေရှည်တိုင်းပြည်တည်ငြိမ်ရေးကို အဓိက ဦးတည်တဲ့အနေနဲ့ နအဖက ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတဲ့ ပြဌာန်းချက်ကြီးကို ပြတ်ပြတ်သားသား ပယ်ရှား သွားမလား။ ဒါဆိုရင် လာမယ့် ၂၀၁၀ ရွေးကောက်ပွဲ အပါအဝင် နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်တဲ့ နိုင်ငံရေးလှုပ်ရှားမှုမှန်သမျှကို ဆန့်ကျင်ရပ်တည် လှုပ်ရှားသွားရမှာဖြစ်ပါတယ်။ လမ်းကြောင်း နှစ်ရပ်ကတော့ ရှင်းရှင်းကြီးပေါ်နေပါပြီ။ ဘယ်လမ်းကို ရွေးမလဲဆိုတာတော့ လူထုတွေ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီ အဖွဲ့ အစည်းတွေရဲ့ ဆုံးဖြတ်ချက်သာ ဖြစ်ပါလိမ့်မယ်။

တကယ်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း တဆယ့်ငါးနှစ်ခန့်လောက်ကစပြီး လူ့အခွင့်အရေးချိုးဖေါက်မှုတွေ ကြီးကြီးမားမား ကျူးလွန်ခဲ့တဲ့တိုင်းပြည် အစိုးရထိပ်သီးတွေကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာခုံရုံးတွေက စတင်အရေးယူခဲ့တဲ့ လမ်းကြောင်းဟာကမ္ဘာမှာ ထင်ထင်ရှားရှားကြီးပေါ်လာနေပါပြီ။ ၁၉၉၅ ခုနှစ်မှာ ဘော့စနီးယန်း ဆာဗ် သမတနိုင်ငံရဲ့ သမတ ရိုဒိုဗန် ကရားဒစ် ကို တရားစွဲဆိုခဲ့တယ်။ ၁၉၉၉ ခုနှစ်ကို ရောက်တော့ ယူဂိုဆလားဗီးယား သမတ ဆလိုဗိုဒင် မီလိုဆိုးဗစ်ကို တရားစွဲဆိုခဲ့တယ်။ ၂၀၀၃ ခုနှစ် မတ်လကို ရောက်တော့ လိုက်ဘေးရီးယား သမတ ချားလ်စ် တေလာကို တရားစွဲဆိုခဲ့ပြန်တယ်။ အခု ၂၀၀၈ ခုနှစ် ဇူလိုင်လ အတွင်းမှာတော့ အထူးခြားဆုံးလို့ ဆိုရပါလိမ့်မယ်။ ၂၀၀၂ ခုနှစ် ဇူလိုင်လ စတင်ပေါ်ပေါက်ခဲ့တဲ့ (အမြဲတန်း) နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကြီးကနေ ဆူဒန် နိုင်ငံရဲ့ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဖြစ်တဲ့ သမတ အုမ္မာ အယ်လ် ဘတ်ရှီးယားကို တရားစွဲဆိုလိုက်တဲ့သတင်း ဟာ တကမ္ဘာလုံးကို အကြီးအကျယ်ပြန့်နှံ့ တုန်လှုပ်သွားစေပါတယ်။

တကယ်တော့ နိုင်ငံတကာ အဆင့်သတ်မှတ်ထားတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်သူတွေကို သက်ဆိုင်ရာတိုင်းပြည်တွေက လွတ်ငြိမ်းချမ်းသာခွင့် ပေးလို့မရပါဘူး။ နအဖ ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၄၅) မှာ ပြဌာန်းပါရှိတဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဟာ မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ကာဘို့ကြိုးပမ်းချက်သာ ဖြစ်တဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။